# ဘာသာရေး ခွဲခြားဆက်ဆံမှု

## မိဘများ၊ ပြုစု စောင့်ရှောက်သူများ နှင့် ကျောင်းသားများ အတွက် သတင်း အချက်အလက်များ

### ဌာနရဲ့ ကတိကဝတ်

ဌာနဟာ ကျောင်းသားတွေ၊ ၎င်းတို့ရဲ့ မိသားစုဝင်တွေနဲ့ ကျောင်းအသိုင်းအဝိုင်းရဲ့ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဘာသာရေးနဲ့ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာ မတူကွဲပြားမှု တွေကို အသိအမှတ်ပြုပြီး လေးစား တန်ဖိုးထား ပါတယ်။ ဌာနဟာ NSW အစိုးရ ကျောင်းတွေမှာ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို တိုက်ဖျက်ဖို့ သန္နိဋ္ဌာန် ချထားပါတယ်။

### ဘာသာရေး ခွဲခြားဆက်ဆံမှု ဆိုတာ ဘာလဲ။

ဘာသာရေး ခွဲခြားဆက်ဆံမှုဆိုတာ တစ်စုံတစ်ယောက်က အခြားသူတွေကို ၎င်းတို့ရဲ့ ဘာသာရေး၊ ယုံကြည် ကိုးကွယ်မှု၊ ဒါမှမဟုတ် ယုံကြည် စွဲလမ်းမှု တွေကြောင့် ထိခိုက် နာကျင်စေတာ၊ မမျှမတ ဆောင်ရွက်တာ၊ ဒါမှမဟုတ် ခွဲခြား ဆက်ဆံတာ ဖြစ်ပါတယ်။

### ကျောင်းသားတွေ အနေနဲ့ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုကို တိုင်ကြားနိုင်မည့် နည်းလမ်းများ

ဘာသာရေးအရ ခွဲခြားဆက်ဆံခြင်း ခံရတဲ့ ကျောင်းသားတွေ အနေနဲ့ ဆရာ၊ ဆရာမကို ဖြစ်စေ၊ ကျောင်းမှ ဝန်ထမ်းကို ဖြစ်စေ တိုင်ကြားသင့်ပါတယ်။ ကျောင်းသားတွေ အနေနဲ့ ကျောင်းဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ ဆက်သွယ်ရန် အချက်အလက်တွေကို သုံးပြီး ကျောင်းကို ဖုန်းခေါ်တာ၊ ဒါမှမဟုတ် အီးမေးလ် ပို့တာတွေ ပြုလုပ်နိုင်ပါတယ်။

တခါတရံမှာ ဘာသာရေးအရ ခွဲခြားဆက်ဆံတာဟာ လူမျိုးရေး ကိစ္စတွေ ပါလာတတ် ပါတယ်။ လူမျိုးရေး ခွဲခြားမှုနဲ့ ပတ်သက်ပြီး ကျောင်းက ဝန်ထမ်းဆီကို ဖြစ်စေ၊ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် တိုက်ဖျက်ရေး အရာရှိ (Anti-Racism Contact Officer) ဆီကို ဖြစ်စေ တိုင်ကြားနိုင်ပါတယ်။ အချက်အလက်တွေ ထပ်မံ သိရှိချင်တယ် ဆိုရင် လူမျိုးရေး ခွဲခြားမှုဆိုင်ရာ တိုင်ကြားချက်များ (Reports of racism) နဲ့ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် တိုက်ဖျက်ရေး မူဝါဒ (Anti-racism policy) ဝက်ဘ်ဆိုက် စာမျက်နှာတွေမှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

### ကျောင်းသားတွေအတွက် ရရှိနိုင်တဲ့ ပံ့ပိုးကူညီမှုများ

ဘာသာရေး ခွဲခြားဆက်ဆံမှုကို ကြုံရတာ၊ ဒါမှမဟုတ် မြင်တွေ့ရတာဟာ ကျောင်းသားတွေ အပေါ် ဆိုးကျိုး သက်ရောက် နိုင်ပါတယ်။ အောက်ပါ ဝက်ဘ်ဆိုက်တွေမှာ ကျောင်းသားတွေ အတွက် သတင်းအချက် အလက်တွေနဲ့ ဝန်ဆောင်မှုတွေ ရရှိနိုင်ပါတယ် -

- ကျောင်းသားများ အတွက် စိတ်ကျန်းမာရေး အကူအညီ (Mental health support for students)
- ကျောင်းသားများကို အနိုင်ကျင့်မှုအား ဆန့်ကျင်ရေး ဝက်ဘ်ဆိုက် စာမျက်နှာများ (Student anti-bullying pages)

## မိဘ၊ ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာလူထု အနေနဲ့ ဘာသာရေး ခွဲခြားဆက်ဆံမှုကို တိုင်ကြားနိုင်မည့် နည်းလမ်းများ

မိဘ၊ ပြုစု စောင့်ရှောက်သူတွေ နဲ့ ရပ်ရွာလူထုဟာ ကိုယ်တိုင် အတွက်ဖြစ်စေ၊ ကျောင်းသားတွေရဲ့ ကိုယ်စား ၎င်းတို့ရဲ့ ခွင့်ပြုချက်နဲ့ဖြစ်စေ ဘာသာရေး ခွဲခြားဆက်ဆံမှု ဆိုင်ရာ တိုင်ကြားချက် ပြုလုပ်နိုင်ပါတယ်။

ဘာသာရေး ခွဲခြားဆက်ဆံမှု ဖြစ်ပွားရာ ကျောင်းမှာ တိုင်ကြားမှု ပြုလုပ်သင့်ပါတယ်။ မိဘနဲ့ ပြုစုစောင့်ရှောက်သူတွေဟာ လူကိုယ်တိုင် ဖြစ်စေ၊ ကျောင်းဝက်ဘ်ဆိုက်က ဆက်သွယ်ရန် အချက်အလက်တွေကို သုံးပြီး အီးမေးလ် ဒါမှမဟုတ် ဖုန်းနဲ့ ဖြစ်စေ တိုင်ကြားမှု ပြုလုပ်နိုင်ပါတယ်။

သင့်အနေနဲ့ ကျောင်းကို ဆက်သွယ်ရာမှာ စကားပြန် အကူအညီ လိုအပ်ရင် တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု ဖုန်းနံပါတ် 131 450 ကို ဖုန်းခေါ်ပြီး ဖုန်းလက်ခံ ဖြေဆိုသူကို သင်လိုအပ်တဲ့ ဘာသာစကားနဲ့ ခေါ်ချင်တဲ့ ဖုန်းနံပါတ်ကို ပြောပြပါ။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီကနေ အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။

## မိဘတွေအတွက် ရရှိနိုင်တဲ့ ပံ့ပိုးကူညီမှုများ

အောက်ပါ ဝက်ဘ်ဆိုက်တွေမှာ မိဘတွေ အတွက် သတင်းအချက် အလက်တွေနဲ့ ဝန်ဆောင်မှုတွေ ရရှိနိုင်ပါတယ် -

- စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေး အကူအညီ (Mental health and wellbeing support)
- မိဘတွေအတွက် ရရှိနိုင်တဲ့ ပံ့ပိုးကူညီမှုများ (What support is available to parents?)

## နောက်ထပ် အဆင့်များ

နောက်ထပ် အကူအညီ လိုအပ်ရင် ဖြစ်စေ၊ ခွဲခြားဆက်ဆံမှုက စနစ်တစ်ခုလုံး အတိုင်းအတာ အထိ ကျယ်ပြန့်နေရင် ဖြစ်စေ ဘာသာရေး ခွဲခြားဆက်ဆံမှုဆိုင်ရာ အကူအညီ ဖုန်းလိုင်း 1300 679 332 သို့ ဖုန်းခေါ်ပြီး ဘာသာရေး ခွဲခြားဆက်ဆံမှုနဲ့ ပတ်သက်လို့ ဖုန်းခေါ်ခြင်း ဖြစ်ကြောင်း ဖုန်းလက်ခံ ဖြေဆိုသူအား အသိပေးပါ။ လိုအပ်ရင် တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှုကို အသုံးပြုပါ။ အကူအညီပေးရေး ဖုန်းလိုင်းက အောက်ပါတို့ကို ဆောင်ရွက်ပေး နိုင်ပါတယ် -

- သက်ဆိုင်ရာ မူဝါဒတွေနဲ့ လုပ်ထုံးလုပ်နည်း ဆိုင်ရာ အချက်အလက်တွေ ပေးအပ်ခြင်း၊
- တိုင်ကြားချက်တွေကို သက်ဆိုင်ရာ နယ်ပယ်ဆီ လွှဲပေးခြင်း၊
- သင့်တော်တဲ့ ပံ့ပိုးကူညီရေး ဝန်ဆောင်မှု တွေအကြောင်း အကြံပြုခြင်း၊
- တိုင်ကြားချက်တွေနဲ့ ပတ်သက်ပြီး တရားမျှတတဲ့ အဖြေများကို ရှာဖွေပေးခြင်း

## တိုင်ကြားချက် ပြုလုပ်ရန်

ကျောင်းသား၊ မိဘ ဒါမှမဟုတ် ပြုစုစောင့်ရှောက်သူတွေ အနေနဲ့ ဘာသာပြန်ထားတဲ့ တိုင်ကြားချက် ပြုလုပ်ခြင်းဆိုင်ရာ အသင့်သုံး ကိုးကား လမ်းညွှန်ချက် (quick reference guide for making a complaint) ပါ အဆင့်တွေ အတိုင်း တိုင်ကြားမှု ပြုလုပ်နိုင်ပါတယ်။ ဘာသာပြန်ထားတဲ့ ပံ့ပိုးကူညီသူများနှင့် တက်ကြွလှုပ်ရှားသူများ (support persons and advocates) ဝက်ဘ်ဆိုက် စာမျက်နှာမှာ တိုင်ကြားမှုတွေ အကြောင်း ထပ်မံ ဖော်ပြထားပါတယ်။

## ဌာန၏ ဆက်စပ် မူဝါဒများ

- လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် တိုက်ဖျက်ရေး မူဝါဒ (Anti-racism policy)
- ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒ (Multicultural education policy)
- ကျောင်းသားများ လိမ္မာရေးခြားရှိရေး မူဝါဒ (Student behaviour policy)